လူတို့အား

၎င်းတို့တရားစွဲသည့်အတိုင်းပေးကမ်းရမည်ဆိုပါက

အချို့သောသူများသည် သူတစ်ပါး၏ ပစ္စည်းဥစ္စာနှင့်အသက်‌သွေးများကိုပါ ရရှိနိုင်ရန်တရားစွဲလာကြလိမ့်မည်။သို့သော် တရားစွဲသူသည် ခိုင်လုံသည့်

သက်သေအထောက်အထားပြရန်အရေးကြီးသည်။ စွဲချက်ကို

ငြင်းပယ်သူသည် ကျိန်၍ငြင်းရမည်။

အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "လူတို့အား
၎င်းတို့တရားစွဲသည့်အတိုင်းပေးကမ်းရမည်ဆိုပါက အချို့သောသူများသည် သူတစ်ပါး၏
ပစ္စည်းဥစ္စာနှင့် အသက်‌သွေးများကိုပါ ရရှိနိုင်ရန်တရားစွဲလာကြလိမ့်မည်။
သို့သော် တရားစွဲသူသည် ခိုင်လုံသည့် သက်သေအထောက်အထားပြရန်အရေးကြီးသည်။
စွဲချက်ကို ငြင်းပယ်သူသည် ကျိန်၍ငြင်းရမည်။ [حسن] [رواه البيهقي وغيره هكذا وبعضه في الصحيحين]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ရှင်းလင်းစွာမိန့်ကြားတော်မူသည်မှာမည်သူ့ကိုမဆို သက်သေအ‌ထောက်အထားမရှိဘဲ တရားစွဲသည့်အတိုင်းပေးကမ်းရမည်ဆိုပါကအချို့သောသူများသည် သူတစ်ပါး၏ ပစ္စည်းဥစ္စာနှင့် အသက်‌သွေးများကိုပါရရှိနိုင်ရန်တရားစွဲလာကြလိမ့်မည်။ သို့သော် တရားလိုသည်မိမိတင်လိုက်သည့်စွဲချက်အားခိုင်လုံသည့် သက်သေအထောက်အထားပြရန်အရေးကြီးသည်။အကယ်၍တရားလိုသည် အထောက်အထားမပြနိုင်ပါက စွပ်စွဲခံရသူအားစွပ်စွဲချက်နှင့်စပ်လျဉ်း၍မေးမြန်းရမည်။ ထိုသို့မေးမြန်းသောအခါ စွပ်စွဲခံရသူကငြင်းပယ်လျှင်စွပ်စွဲခံရသူသည်ကျိန်ဆိုပြီးနောက်ပြစ်မှုမှလွတ်မြောက်မည်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/66532